# ဓမ္မစကူးလ်ဖောင်ဒေးရှင်း
# ဗုဒ္ဓဘာသာသင်ခန်းစာ

Grade 2



## ဒုတိယတန်း

ကျောင်းသားကိုင်

၂၄၃၈၀
၂၉၄-၃
၀၁၁၈

# စမ္မစကူးလ်ဖောင်ဒေးရှင်း

## ဗုဒ္ဓဘာသာသင်ခန်းစာ

## ဒုတိယတန်း

## Grade 2

## ကျောင်းသားကိုင်

အမှတ် ၂၉၄၈၀
ရက်စွဲ ၂၂.၇.၁၅

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၌ ၆၀၀၆၉၈၁၂၀၁၃

မျက်နှာဖုံးပန်းချီ ၌ ဦးစိုးစံ

အတွင်းပန်းချီ ၌ ဦးရဲမာန်၊ ဦးစိုးစံ

အတွင်းကာလာ ၌ ကိုမင်းထွဋ်၊ ကိုရှိုင်းမိုးအောင်၊ မဝင်းဝင်းမာ

မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင် ၌ ဦးကုသလသာမိ၊ ဒေါ်ကေတုမာလာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ၌ ရွှေနိုင်ငံ(၀၅၇၄၅)၊ အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ - ၄၀၀ ၈၉၀၊ ၅၄၈ ၀၄၂

ထုတ်ဝေသူ ၌ ဦးဇော်မိုးလွင် (၂၁၄၅)
ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ (ဘာသာရေး၊ ဗုဒ္ဓဘာသာ)၊
မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး ၌ ဓမ္မစကူးလ်ဖောင်ဒေးရှင်း
မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၃၇၇၂၆၇၊ ၀၉ - ၂၅၀ ၃၈၅၈၀၀။

တန်ဖိုး ၌ ၁၀၀၀ ကျပ်

ထုတ်ဝေသည့်အကြိမ် ၌ နဝမအကြိမ် အုပ်ရေ ၂၀၀၀၀၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ။

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

294.3

ဓမ္မစကူးလ်ဖောင်ဒေးရှင်း
ဗုဒ္ဓဘာသာသင်ခန်းစာ၊ ဒုတိယတန်း၊ ကျောင်းသားကိုင်/ဓမ္မစကူးလ်ဖောင်ဒေးရှင်း။ - ရန်ကုန်၊
ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ၊ ၂၀၁၃၊
စာ - ၉၆၊ ၂၁ × ၂၉.၇ စင်တီ၊
(၁)ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မာတိကာ


| စဉ် | သင်ခန်းစာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ပျော်စရာ ဓမ္မစကူးလ် | ၁ |
| ၂။ | ဘုရားအလောင်း ဖွားမြင်တော်မူခြင်း | ၄ |
| ၃။ | ဘုရားအလောင်း ငယ်စဉ်ဘဝ | ၆ |
| ၄။ | ဘုရားအလောင်း တောထွက်တော်မူခြင်း | ၈ |
| ၅။ | ဘုရားဖြစ်တော်မူခြင်း | ၁၀ |
| ၆။ | ဘုရားရှိခိုးကြစို့ | ၁၂ |
| ၇။ | ရတနာသုံးပါး | ၁၅ |
| ၈။ | ရွှေဥဒေါင်းမင်း | ၁၆ |
| ၉။ | မေတ္တာပို့ကြမယ် | ၁၉ |
| ၁၀။ | ဘုရားဖူးသွားကြမယ် | ၂၂ |
| ၁၁။ | ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ | ၂၄ |
| ၁၂။ | နေထိုင်ရေးမင်္ဂလာ | ၂၆ |
| ၁၃။ | ကိုရင်ငယ်လေးပါး | ၂၈ |
| ၁၄။ | ဘုန်းကံကြီးလှ ကိုရင်တိဿ | ၃၁ |
| ၁၅။ | မွန်အမျိုးသမီးလေး တလထော် | ၃၄ |
| ၁၆။ | မင်းမြတ်အနော်ရထာ | ၃၇ |
| ၁၇။ | ဘုန်းကြီးကျောင်း သွားကြမယ် | ၃၉ |
| ၁၈။ | ပတ်ဝန်းကျင်ကို သန့်ရှင်းပါ | ၄၂ |
| ၁၉။ | တံမြက်စည်းလှည်းတဲ့ မင်းသားလေး | ၄၅ |
| ၂၀။ | မိဘကျေးဇူး | ၄၈ |

၂၁။ ပျော်ရွှင်ဖွယ် မိသားစု ၅၁
၂၂။ တပည့်ကျင့်ဝတ် ၅၂
၂၃။ သစ္စာရှိသော တပည့် ၅၄
၂၄။ အသိဉာဏ်ပညာ ကြိုးစားရှာ ၅၇
၂၅။ ဆွမ်းလောင်းလှူကြမယ် ၅၈
၂၆။ သနားစရာ သမင်လေးများ ၆၀
၂၇။ ရွှေငါးကြီး ၆၂
၂၈။ သီလစောင့်ထိန်းကြစို့ ၆၅
၂၉။ မောင်လူအေးရဲ့ တစ်နေ့တာ ၆၇
၃၀။ သူငယ်ချင်းကောင်းများ ၆၉
၃၁။ လိမ္မာသော ကလေးများ ၇၁
၃၂။ ညီညီညွတ်ညွတ် နေကြမယ် ၇၂
၃၃။ အလှူဒါနပြုကြမယ် ၇၅
၃၄။ လိမ္မာသူကို အတုယူ ၇၈
၃၅။ မြင်းဖြူရှင် ၈၁
၃၆။ စားသောက်ရာမှာ ယဉ်ကျေးပါ ၈၂
၃၇။ ယဉ်ယဉ်ကျေးကျေး ပြောကြမယ် ၈၄
၃၈။ ကန္တာရကုန်သည်များ ၈၇
၃၉။ တန်ဆောင်တိုင်ပွဲတော် ၈၈
၄၀။ သကြိန်ပွဲတော် ၉၀

# သင်ခန်းစာ (၁)

## ပျော်စရာ ဓမ္မစကူးလ်



ဆေးဆရာကြီး ဘိုးလှအောင်သည် ခရီးသွားရင်း ရွာသာယာသို့ ရောက်လာ၏။ ဆရာတော်ထံ ခွင့်တောင်းပြီး ကျောင်း၌ တစ်ညတည်းခိုသည်။ နံနက်မိုးလင်းသောအခါ ရွာထဲမှ ကလေးများ ဘုန်းကြီးကျောင်းသို့ ရောက်လာသည်။ သန့်ရှင်းရေး လုပ်ကြ၊ ဘုရားပန်းများ ကပ်လှူကြသည်။ ဆေးဆရာကြီးသည် ကလေးများကို ကြည့်၍ အံ့သြနေသည်။





"ကျောင်းကို အမြဲလာပြီး အခုလို
ကုသိုလ်ပြုကြသလား"။
"ဟုတ်ပါတယ် ဘိုးဘိုး၊ တနင်္ဂနွေနေ့တိုင်း
ကျောင်းမှာ ဓမ္မစကူးလ်ရှိတယ်။
ဓမ္မစကူးလ်နေ့တိုင်း အခုလို
ကုသိုလ်ပြုကြတယ်။
ကုသိုလ်ပြုတတ်ဖို့ သင်ယူကြတယ်။
ကဗျာတွေလည်း ဆိုကြတယ်။
ပုံပြင်ဇာတ်လမ်းတွေကိုလည်း
နားထောင်ကြပါတယ် ... ဘိုးဘိုး"



ထိုအချိန်တွင် ခေါင်းလောင်းသံ ကြားရသည်။ ကလေးများ စာသင်ခန်းထဲ ဝင်သွားကြ၏။ ယဉ်ကျေးလိမ္မာသော ဓမ္မစကူးလ်ကျောင်းသူ၊ ကျောင်းသားလေးများကို ကြည့်၍ ဆေးဆရာကြီး နှစ်သက်ဝမ်းမြောက်နေလေသည်။



## စမ္မစကူးလ် သွားကြမယ်

လာပါ သူငယ်ချင်း ... စမ္မစကူးလ် သွားကြမယ် ...။
ဘုန်းဘုန်းတွေ့မယ် ... ဆရာလေးတွေ့မယ် ... ကုသိုလ်တွေရမယ် ...။
လာပါ သူငယ်ချင်း ... စမ္မစကူးလ် သွားကြမယ် ...။
ယဉ်ကျေးရမယ် ... သိမ်မွေ့ရမယ် ... ပျော်ရွှင်သွားရမယ် ...။
လာပါ သူငယ်ချင်း ... စမ္မစကူးလ် သွားကြမယ် ...။
ဆေးရောင်ခြယ်မယ် ... ပုံပြောပြမယ် ... သီချင်းတွေ ဆိုကြမယ် ...။
လာပါ သူငယ်ချင်း ... စမ္မစကူးလ် သွားကြမယ် ...။
ယဉ်ကျေးရမယ် ... သိမ်မွေ့ရမယ် ... ပျော်ရွှင်သွားရမယ် ...။ ။

## သင်ခန်းစာ (၂)

## ဘုရားအလောင်း ဖွားမြင်တော်မူခြင်း



ကပိလဝတ်ပြည် ဘုရင်ကြီးသုဒ္ဓေါဒန၏ မိဖုရားခေါင်ကြီး မာယာဒေဝီသည် ထူးဆန်းသော အိပ်မက်ကို မြင်မက်သည်။ အိပ်မက်ထဲတွင် နတ်မင်းကြီးလေးပါးက မိဖုရားကြီး အိပ်နေသော ခုတင်ကို တောင်တန်းတစ်ခုဆီသို့ သယ်ဆောင်သွားကြသည်။ နတ်မိဖုရားများက အမွှေးနံ့သာများဖြင့် ရေချိုးပေးကြသည်။ ရွှေဗိမာန်တိုက်ခန်းတွင် မိဖုရားကြီးအိပ်စက်နေစဉ် ဆင်ဖြူတော်တစ်စီးက မိဖုရားကြီး၏ ဝမ်းဗိုက်ထဲသို့ ဝင်သွားခဲ့သည်။

နောက်တစ်နေ့တွင် ဘုရင်ကြီးက ထိုအိပ်မက်အကြောင်းကို နန်းတွင်းပညာရှိများအား မေးမြန်းသည်။ ထိုအိပ်မက်အရ ထူးခြားမြင့်မြတ်သော သားရတနာ ဖွားမြင်မည်ဖြစ်ကြောင်း ပညာရှိများက ဘုရင်ကြီးအား လျှောက်တင်ကြသည်။



မိဖုရားကြီးသည် ကိုယ်ဝန်ဆယ်လစေ့သောအခါ မိဘဆွေမျိုးများရှိရာ ဒေဝဒဟပြည်သို့ သွားခဲ့၏။ လမ်းခရီးတွင် အလွန်သာယာသော အင်ကြင်းဥယျာဉ်ကြီးထဲ ရောက်လာသည်။ အင်ကြင်းပင်ကြီး တစ်ပင်အောက်တွင် ဘုရားအလောင်းတော်ကို ဖွားမြင်ခဲ့ပါသည်။ ဖွားမြင်စမှာပင် ဘုရားအလောင်း မင်းသားလေးသည် ခြေလှမ်းခုနစ်လှမ်း လှမ်းကြွတော်မူပြီး "လောကမှာ ငါသာအမြတ်ဆုံး၊ ငါသာ အကြီးဆုံး၊ ငါသာ အသာဆုံး" ဟူ၍ ကြွေးကြော်ခဲ့ပါသည်။

## ဘုရားအလောင်း ဖွားတော်မူခန်း

သုဒ္ဓေါဒန ဖခင်ပါ၊
မိခင် မယ်မာယာ။
ထူးခြားစွာ ဆင်အိပ်မက်၊
မယ်မာယာ မြင်မက်။
အင်ကြင်းတောဘက် မွေးဖွားမြင်၊
ဘုရားအလောင်း တို့အရှင်။
ဖွားမြင်စဉ် နတ်အပေါင်း၊
ပူဇော် တသောင်းသောင်း။ ။

# သင်ခန်းစာ (၃)
# ဘုရားအလောင်း ငယ်စဉ်ဘဝ



သုဒ္ဓေါဒနမင်းကြီးက ဘုရားအလောင်း မင်းသားလေးအား ကာဠဒေဝိလရသေ့ကြီး ရှေ့သို့ ခေါ်ဆောင်လာသည်။ ရသေ့ကြီးက ဘုရားအလောင်းအား ရှိခိုးသည်။ ထိုအခါ ဖခင်မင်းကြီးက ဘုရားအလောင်းသားတော်လေးအား ပထမအကြိမ် ရှိခိုးခဲ့သည်။



လယ်ထွန်မင်္ဂလာပွဲ ကျင်းပနေစဉ် ဘုရားအလောင်းမင်းသားလေးသည် သစ်ပင်အောက်၌ တရားထိုင်နေသည်။ ဖခင်မင်းကြီးက သားတော်လေးအား ဒုတိယအကြိမ် ရှိခိုးခဲ့သည်။



ဘုရားအလောင်းမင်းသား အသက် (၁၆) နှစ်အရွယ် ရောက်သောအခါမည်သူမျှ မတတ်ကျွမ်းသော မြားပစ်နည်းအမျိုးမျိုးကို ပြသခဲ့သည်။ မြင်ရသူအားလုံး အံ့သြချီးမွမ်းကြ၏။

ထို့နောက် ဘုရားအလောင်းမင်းသားသည်
ယသောဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍
ထီးနန်းစည်းစိမ်ကို (၁၃) နှစ်ကြာအောင်
စံစားခဲ့သည်။



ဘုရားအလောင်းမင်းသား

ကြင်နာသနားတတ်တဲ့သူ၊
စိတ်ထားကောင်းမြတ်သူ။
သဘောဖြူကာ လူယဉ်ကျေး၊
သိဒ္ဓတ္ထတဲ့လေး။
ရိုးသားအေးဆေး သူ့ဟန်ပန်၊
အတုယူကြရန်။
စံနမူနာ ယူကာပြ၊
ဘုရားအလောင်းရဲ့ ငယ်ဘဝ။ ။

# သင်ခန်းစာ (၄)

## ဘုရားအလောင်း တောထွက်တော်မူခြင်း



ဘုရားအလောင်းတော် အသက် (၂၉) နှစ်အရွယ်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်ခဲ့သည်။ တရားရှာလိုသဖြင့် တောထွက်ရန် ဆုံးဖြတ်ခဲ့သည်။ တောထွက်တော်မူမည့်ညတွင် ယသောဓရာနှင့် သားတော်လေးကို အိပ်ခန်းဝမှ လှမ်းကြည့်ခဲ့သည်။



ညသန်းခေါင်ယံအချိန်တွင် ကဏ္ဍကမြင်းကို စီး၍ ဆန္နအမတ်နှင့်အတူ တောထွက်တော်မူခဲ့သည်။



ဘုရားအလောင်းတော် ဘုရားဖြစ်မည်ကို မလိုလားသော မာရ်နတ်က တောမထွက်ရန် ဟန့်တားခဲ့သည်။ ဘုရားအလောင်းက လက်မခံဘဲ ရှေ့မှ ဖယ်ရှားရန် မာရ်နတ်ကို ပြောခဲ့သည်။



ဘုရားအလောင်းတော်သည် အနော်မာမြစ်ကမ်းတွင် ဆံတော်ကိုပယ်သည်။ မင်းဝတ်တန်ဆာကို စွန့်၍ ရဟန်းပြုတော်မူသည်။

## တောထွက်ခန်း

သိဒ္ဓတ္ထဆိုတဲ့ မင်းသားဟာ၊
ထီးနန်း စံမြန်းရာ။
နန်းတော်ထဲမှာ စံစားဘိ၊
အိုနာသေ မသိ။
ဥယျာဉ်ကြည့်ဖို့ လှည့်လည်ရာ၊
လူအိုကို တွေ့ကာ။
လူနာ လူသေ သူတွေ့က၊
ပွားများ သံဝေဂ။
ရဟန်းတွေ့မှ အားကျသူ၊
သူ့ကို အတုယူ။
ငြိမ်းချမ်းမှုကို သူလိုလား၊
တရားရှာဖို့ တောထွက်သွား။ ။

# သင်ခန်းစာ (၅)
# ဘုရားဖြစ်တော်မူခြင်း



ဘုရားအလောင်းတော်သည်
ခြောက်နှစ်တိုင်အောင် ဆင်းရဲပင်ပန်းစွာ
တရားကျင့်တော်မူသည်။
ခန္ဓာကိုယ်လည်း ပိန်ချုံးသွားသည်။
သို့သော် ဘုရားဖြစ်မည့်
လမ်းစဉ်မဟုတ်ကြောင်း သိ၍
ထိုအကျင့်ကို စွန့်လွှတ်လိုက်သည်။

ကဆုန်လပြည့်နေ့တွင်
သုဇာတာသူဌေးသမီးက
နို့ဃနာဆွမ်းကို
ရွှေခွက်ဖြင့်
ကပ်လှူသည်။





"ငါသည် ယနေ့ ဘုရားဖြစ်မည်မှန်ပါက
ဤရွှေခွက်သည် ရေညာသို့
ဆန်တက်ပါစေ" ဟု အဓိဋ္ဌာန်တော်မူပြီး
ရွှေခွက်ကို မြစ်ထဲသို့ မျှောလိုက်သည်။
ရွှေခွက်သည် ရေညာသို့
ဆန်တက်သွားပါသည်။



ဘုရားအလောင်းတော်သည် ဗောဓိပင်အောက်၌ တရားအားထုတ်နေ၏။ မာရ်နတ်က လက်နက်မျိုးစုံဖြင့် လာရောက်တိုက်ခိုက်သည်။ ဘုရားအလောင်းတော်သည် မာရ်နတ်၏ ရန်ကို ကဆုန်လပြည့်နေ့ နေမဝင်မီမှာပင် မေတ္တာတရားဖြင့် အောင်မြင်တော်မူခဲ့သည်။ ဆက်၍ တရားအားထုတ်ရာ မိုးလင်းခါနီးအချိန်တွင် ဘုရားဖြစ်တော်မူခဲ့သည်။

## အောင်ပွဲ

ဘုရားအလောင်းတော် မင်းသားဟာ၊
တရား ကျင့်ကြံကာ။
တောထဲမှာ လွန်ခက်ခဲ၊
မလျှော့သော သူ့ဇွဲ။
မာရ်နတ်ကလည်း နှောင့်ယှက်ပြန်၊
မေတ္တာနဲ့ တွန်းလှန်။
မာရ်နတ်ရန် အောင်မြင်သွား၊
တို့ရဲ့ မြတ်ဘုရား ။ ။

# သင်ခန်းစာ (၆)
# ဘုရားရှိခိုးကြစို့

## သရဏဂုံအကျိုး



ဆင်းရဲသားလေးတစ်ယောက်သည် မျက်မမြင်မိဘနှစ်ပါးကို ရိုရိုသေသေ ပြုစုလုပ်ကျွေးနေသည်။ သူသည် သရဏဂုံသုံးပါးကိုလည်း အမြဲရွတ်ဆိုသည်။ ထိုကောင်းမှုကြောင့် သူသည် နောက်ဘဝတွင် နတ်သားလေး ဖြစ်သွားသည်။





ဘုရားရှင်လက်ထက်တွင် လူ့ပြည်၌ သူဌေးသားလေး ဖြစ်လာသည်။ သရဏဂုံကျေးဇူးကြောင့် ခုနစ်နှစ်သားအရွယ်တွင် တရားနာရင်း ရဟန္တာ ဖြစ်သွားသည်။



ရဟန်းပြုပြီးသောအခါ ရဟန္တာအရှင်မြတ်သည် တရားဟောတိုင်း သရဏဂုံ၏ အကျိုးကျေးဇူးကို ဟောတော်မူခဲ့သည်။



## ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း

ဦးချတာ ဦးချတာ၊ ဒီလို ဦးချပါ။
လက် ခြေ နဖူး တံတောင် ဒူး၊
ငါးဦးမြေထိပါ။ ။



## ဘုရားရှိခိုးမယ်

သာသာယာယာ ညအခါ၊
ဘုရားရှိခိုးမှာ။
မေတ္တာဝေကာ ဆုခြွေတောင်း၊
ကျန်းမာကြစေကြောင်း။
ရွာဦးကျောင်းက စေတီသာ၊
အေးမြလရောင်ဖြာ။
ကြည်ညိုကာ ဦးနှိမ်ချ၊
ဆီမီးပန်းလှူကြ။ ။



# သင်ခန်းစာ (၇)

## ရတနာသုံးပါး



### ရတနာသုံးပါး

ရတနာ ရတနာ၊
နှစ်သက်ဖွယ်ရာ ရတနာ။
ရတနာ ရတနာ၊
တန်ဖိုးကြီးတာ ရတနာ။
ရတနာ ရတနာ၊
အမြတ်ဆုံးဖြစ်တာ ရတနာ။
ရတနာ ရတနာ၊
တွေ့ခဲလှတာ ရတနာ။
ရတနာ ရတနာ၊
မြတ်သူသုံးတာ ရတနာ။
ဘုရား တရား မြတ်သံဃာ၊
အမြတ်ဆုံး ရတနာ။ ။

# သင်ခန်းစာ (၈)

## ရွှေဥဒေါင်းမင်း



ရွှေဥဒေါင်းမင်းသည် တောအုပ်ကြီးတစ်ခုတွင် ဥဒေါင်းညီ၊တို့နှင့်အတူ နေထိုင်သည်။ သူသည် သူ၏ လှပသောအဆင်းကြောင့် အန္တရာယ်ရှိနိုင်ကြောင်း တွေးမိသည်။

ဥဒေါင်းညီ၊များ အိပ်ပျော်နေစဉ် လူသူကင်းဝေးရာ ဟိမဝန္တာတောင်သို့ ထွက်ခွာသွားခဲ့သည်။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဘုရားဂုဏ်တော်များကို ရွတ်ဆိုပူဇော်နေလေ့ရှိ၏။





တစ်နေ့တွင် ရွှေဥဒေါင်းမင်းကို မုဆိုးတစ်ယောက်က တွေ့မြင်သွား၏။ မုဆိုးက ပြန်ပြော၍ လှပသော ဥဒေါင်းမင်းအကြောင်းကို လူအများ သိသွားကြသည်။



မိဖုရားကြီးက ရွှေဥဒေါင်းမင်းကို လိုချင်သည်။ ရွှေဥဒေါင်းမင်း ဖမ်းပေးနိုင်သူကို ဆုငွေအများကြီး ချီးမြှင့်မည်ဟု ဘုရင်ကြီးက ကြေညာလိုက်သည်။



မုဆိုးများက ရွှေဥဒေါင်းမင်းကို ဖမ်းနိုင်ရန် ကြိုးစားကြသည်။ ရွှေဥဒေါင်းမင်းသည် ဘုရားဂုဏ်တော်များကို အမြဲရွတ်ဆိုပွားများနေသည့်အတွက် မုဆိုးများ မဖမ်းနိုင်ခဲ့ကြပါ။

## မြတ်စွာဘုရား ဂုဏ်တော်

"ဣတိပိ သော ဘဂဝါ

အရဟံ၊

သမ္မာသမ္ဗုဒ္ဓေါ၊

ဝိဇ္ဇာစရဏသမ္ပန္နော၊

သုဂတော၊

လောကဝိဒူ၊

အနုတ္တရော ပုရိသဒမ္မသာရထိ၊

သတ္ထာ ဒေဝမနုဿာနံ၊

ဗုဒ္ဓေါ၊

ဘဂဝါ"။

# သင်ခန်းစာ (၉)
# မေတ္တာပို့ကြမယ်

## ငြိမ်းချမ်း သာယာ အေးမြပါစေ

ကျား – ကျေးဇူးတရား ကြီးမားပေ၊ သားငယ်တို့ ဖေဖေ။

မ – ကျေးဇူးတရား ကြီးမားပေ၊ သမီးငယ်တို့ ဖေဖေ။

ကျား – ကျေးဇူးတရား ကြီးမားပေ၊ သားငယ်တို့ မေမေ။

မ – ကျေးဇူးတရား ကြီးမားပေ၊ သမီးငယ်တို့ မေမေ။

ကျား – သားတို့တစ်တွေအပေါ် မေတ္တာထား၊ ဘိုးဘိုးနှင့် ဘွားဘွား။

မ – သမီးတို့တစ်တွေအပေါ် မေတ္တာထား၊ ဘိုးဘိုးနှင့် ဘွားဘွား။

ကျား – အစ်ကို အစ်မများ နေထိုင်ရာ၊ သားတို့ ဤကမ္ဘာ။

မ – အစ်ကို အစ်မများ နေထိုင်ရာ၊ သမီးတို့ ဤကမ္ဘာ။

ကျား – ငြိမ်းချမ်းသာယာ အေးမြဖို့၊ သားတို့ မေတ္တာပို့။

မ – ငြိမ်းချမ်းသာယာ အေးမြဖို့၊ သမီးတို့ မေတ္တာပို့။ ။



## မေတ္တာထားသော ရသေ့များ



ရသေ့များ တရားကျင့်နေသော တောနက်ကြီးထဲတွင် မြွေအလွန်ပေါသည်။ တစ်ခါတစ်ရံ ရသေ့များသည် မြွေများကို အနှောင့်အယှက်ပေးမိသကဲ့သို့ ဖြစ်သွား၏။ ထိုအခါ မြွေများက ရသေ့များကို



ကိုက်ကြသည်။ အချို့ရသေ့များသည် မြွေကိုက်ခံရကာ ကွယ်လွန်သွားကြသည်။ ရသေ့များသည် ကောင်းစွာ တရားအားမထုတ်နိုင်ကြတော့ပေ။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ရန်ကုန်





ထိုအကြောင်းကို ခေါင်းဆောင်ရသေ့အား ပြောကြားကြသည်။ မြွေများကို အနှောင့်အယှက် မပေးမိစေရန်နှင့် မေတ္တာပို့ရန် ခေါင်းဆောင်ရသေ့က သင်ပေးသည်။ ရသေ့များက မြွေများကို နေ့စဉ် မေတ္တာပို့သကြသည်။

ရသေ့များ၏ မေတ္တာကြောင့် မြွေများက ရသေ့များအား မကိုက်ကြတော့ပေ။ ရသေ့များ ချမ်းသာစွာ တရားအားထုတ်နိုင်ကြသည်။



၂၉၃၈၀

# သင်ခန်းစာ (၁၀)

## ဘုရားဖူးသွားကြမယ်



### ဘုရားဖူးသွားကြစို့

ဘယ်သွားမှာလဲ ကိုကြီးရယ်၊
ညီလေး လိုက်ချင်တယ်။
ကုန်းမြင့်ပေါ်ဝယ် တည်လို့ထား၊
စေတီတော်သို့ သွား။
အဝတ်အစား သပ်ရပ်စွာ၊
ဝတ်ဆင်ခဲ့ပါကွာ။
ရေချမ်းလှူကာ ပန်းကပ်လို့
ဘုရားရှိခိုးစို့။ ။



# ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ရန်ကုန်မြို့တွင် တည်ရှိသည်။ မြန်မာနိုင်ငံတွင် အထင်ရှားဆုံး စေတီတော်ကြီး ဖြစ်၏။ ဉာဏ်တော်အမြင့် (၃၂၆)ပေ ရှိသည်။ ရွှေတိဂုံစေတီတော်ရင်ပြင်သို့ တက်ရောက်ရန် မုခ်ဦးလေးခုနှင့် စောင်းတန်းကြီးလေးခုရှိသည်။ စေတီတော်ကြီးကို ရွှေပြားအစစ်များဖြင့် ကပ်လှူပူဇော်ထားသည်။

# သင်ခန်းစာ (၁၁)

# ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ

## လူလိမ္မာနှင့် လူမိုက်



ရေးအခါက လှည်းကုန်သည်မှူး နှစ်ယောက်ရှိသည်။ တစ်ယောက်က ပညာရှိပြီး တစ်ယောက်က ပညာမရှိပါ။ ပညာမရှိသော လှည်းကုန်သည်မှူးက ကုန်ရောင်းရန် ရှေ့က သွားနှင့်သည်။

ကန္တာရအလယ်သို့ ရောက်သောအခါ ဘီလူးများက လူယောင်ဆောင်၍ "ရှေ့မှာ ရေတွေ ရှိတယ်၊ အလေးခံပြီး မသယ်ကြနှင့်"ဟု ပြောသည်။ ပညာမရှိသော လှည်းကုန်သည်မှူးက ရေများကို သွန်ပစ်ခိုင်းခဲ့သည်။





လှည်းကုန်သည်တို့သည် ရေကို ရှာမတွေ့ကြပေ။ ရေဆာ၍ အားအင်ကုန်ခန်းနေကြသော လှည်းကုန်သည်များကို ဘီလူးများက စားပစ်လိုက်ကြသည်။



ပညာရှိလှည်းကုန်သည်မှူး ခရီးထွက်လာသည့်အခါတွင်လည်း ဘီလူးများက ရှေးနည်းတူ ပြောကြသည်။ သို့သော် ပညာရှိလှည်းကုန်သည်မှူးက ဘီလူးတို့၏ စကားကို မယုံကြည်ချေ။ လှည်းကုန်သည်များကို ရေများကို မသွန်ပစ်ကြရန် ပြောပြီး ခရီးဆက်ခဲ့ကြသည်။ တစ်နေရာတွင် ရှေ့က လှည်းကုန်သည်များ၏ အရိုးများနှင့် ကုန်ပစ္စည်းများကို တွေ့ကြသည်။ ပညာရှိလူလိမ္မာနှင့် ပေါင်းသင်းရသော လှည်းကုန်သည်များသည် ဘေးရန်ကင်းခဲ့ကြပါသည်။

### ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊
မမှီဝဲနဲ့ ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့၊
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး၊ ဆက်ဆံရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ “ဗုဒ္ဓဝါဒ” ကမ္ဘာ့မင်္ဂလာတွေ။ ။

# သင်ခန်းစာ (၁၂)

# နေထိုင်ရေးမင်္ဂလာ

## သူဆင်းရဲမလေးရဲ့ ကုသိုလ်ထူး



သူဆင်းရဲမလေးသည် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကို အလွန်ကြည်ညို သောကြောင့် မိမိစားရန် ယူလာသောမုန့်ကို လှူဒါန်းလိုက်သည်။

အလှူကြီးပေးချင်သော်လည်း ဆင်းရဲနွမ်းပါးသူဖြစ်၍ မတတ်နိုင်ရှာပေ။ သို့ဖြစ်၍ မိမိဆံပင်ကို ဖြတ်၍ ရောင်းလိုက်သည်။



ဆံပင်ရောင်း၍ ရသောငွေဖြင့် ဆွမ်း၊ သင်္ကန်းစသော လှူဖွယ်ပစ္စည်းများ ဝယ်ပြီး ဘုရားအမှူးရှိသော သံဃာတော်များအား ဆက်ကပ်လှူဒါန်းခဲ့သည်။





သူဆင်းရဲမလေး ကွယ်လွန်သောအခါ ထိုကောင်းမှုကြောင့် နောက်ဘဝတွင် ဘုရင့်သမီးတော် ဖြစ်သွားခဲ့လေသည်။ ဉာဏ်ပညာကြီးမားပြီး ရုပ်အဆင်းလည်း အလွန်လှပပါသည်။



## နေထိုင်ရေးမင်္ဂလာ

ကုသိုလ် ပညာ ဉစ္စာရဖို့၊
သင့်ရာဒေသ အမြဲနေ။
ရှေးက တင်ကြို ပြုခဲ့ဖူးသည့်၊
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဉစ္စာကိုပေး၊ နေထိုင်ရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။ ။

# သင်ခန်းစာ (၁၃)

# ကိုရင်ငယ်လေးပါး



ကိုရင်သံကိစ္စ၊ ကိုရင်ပဏ္ဍိတ၊ ကိုရင်သောပါကနှင့် ကိုရင်ရေဝတတို့သည် ခုနစ်နှစ်သားအရွယ် ရဟန္တာများ ဖြစ်ကြပါသည်။ တစ်နေ့တွင် ဆွမ်းအလှူခံရန် လာပင့်သော သူဌေးကြီး၏အိမ်သို့ သူဌေးကြီးနှင့်အတူ ဆွမ်းခံကြွကြသည်။

အသက်ငယ်သော ကိုရင်လေးများကို ပင့်လာသောကြောင့် သူဌေးကတော်ကြီးက သဘောမကျခဲ့ပေ။ ဆရာတော်ကြီးများကို သွားရောက်ပင့်ရန် သူဌေးကြီးကို ဇေတဝန်ကျောင်းတော်သို့ ထပ်မံစေလွှတ်လိုက်၏။





သူဌေးကြီးက
အရှင်သာရိပုတ္တရာကို
ပင့်လာ၏။
အရှင်သာရိပုတ္တရာက
ကိုရင်လေးများအား
ဆွမ်းရပြီလားဟု
မေးသည်။
ကိုရင်လေးများက
မရသေးကြောင်း
လျှောက်ထားကြသည်။

လေးပါးစာဆွမ်းသာရှိကြောင်းသိ၍ အရှင်သာရိပုတ္တရာ ပြန်ကြွသွား၏။ သိကြားမင်းသည် ပုဏ္ဏားအိုယောင်ဆောင်၍ ကိုရင်လေးများကို လာရောက်ကန်တော့သည်။





လာရောက်ကန်တော့သူမှာ သိကြားမင်းဖြစ်ကြောင်း သူဌေးကြီးလင်မယား သိသွားသော အခါ ကိုရင်လေးများကို လေးစားကြည်ညိုပြီး ဆွမ်းလောင်းလှူကြသည်။ ကိုရင်လေးများ ကလည်း တန်ခိုးအမျိုးမျိုးပြ၍ ကျောင်းသို့ ပြန်ကြွခဲ့ကြသည်။

## ရဟန်းသာမဏေ တို့ရိုသေ

ဘုရားသားတော် ရဟန်းသံဃာ၊
ရိုသေ လေးစားမှာ။
လက်အုပ်ချီကာ ဦးနှိမ်ချ၊
အမြဲ ရှိခိုးကြ။
ငယ်စဉ်ကတည်းက ကျင့်ကြံပေ၊
ထူးတဲ့ ရှင်သာမဏေ။
တို့တစ်တွေ ရှိခိုးလို့၊
ကုသိုလ်ယူကြစို့။ ။

# သင်ခန်းစာ (၁၄)
# ဘုန်းကံကြီးလှ ကိုရင်တိသ



## ဘုန်းကံကြီးလှ ကိုရင်တိသ

ကျား၊ မ – ကိုရင်တိသ ငယ်သေးလှ၊ အသက်ခုနစ်နှစ်ဗျ/ ရှင့်။

ကျား – ငယ်သော်ငြားလည်း ဘုန်းကံများ၊ အလွန်ကိုကြီးမား။

မ – ဘယ်လိုဘယ်လို ဘုန်းကံများ၊ ပြောပြစမ်းပါလား။

ကျား – ဆွမ်းခံထွက်ရင် ရတာအစဉ်၊ ဆွမ်းအုပ်ငါးရာပင်။
သင်္ကန်းဆိုရင် ရတာက တစ်ထောင်အတိဗျ။

မ – ကြီးမားဘုန်းကံ အကြောင်းမှန်၊ တစ်ဖန်သိလိုပြန်။

ကျား – သိလိုပါက ပြောမယ်ဗျ၊ သေချာနားထောင်ကြ။
လှူဒါန်းလိုတဲ့ ဝါသနာ၊ အမိဝမ်းထဲကပါ။
နို့ဆန်ပြုတ်နဲ့ သင်္ကန်းမြတ်၊ လှူတယ်အဆက်မပြတ်။

မ – လှူတဲ့အခါ စိတ်ကြည်သာ စေတနာအပြည့်ပါ။

ကျား၊ မ – ဘုန်းကံကြီးမား ကိုရင်အား၊ ရိုသေစွာ ညွတ်တွား။
အတုယူကြမယ်ဗျား/ ရှင့်။ ။

## ဘုန်းကံကြီးလှ ကိုရင်တိဿ



တိဿလေးသည် မွေးကင်းစ
အရွယ်ကပင်
သံဃာတော်များကို လှူချင်၏။
သူ၏မွေးနေ့ပွဲတွင် ပင့်ထားသော
သံဃာတော်များကို လှူလိုသဖြင့်
အိပ်ရာခင်းကို လက်ဖြင့်
ဆွဲထားသည်။
ထိုအိပ်ရာခင်းကို မိဘများက
သံဃာတော်များအား
လှူပေးရသည်။

တိဿလေး ခုနစ်နှစ်အရွယ်ရောက်သောအခါ ကိုရင်ဝတ်သည်။ ရှေးဘဝက အလှူဒါနများစွာ ပြုလုပ်ခဲ့သောကြောင့် ဆွမ်း၊ သင်္ကန်းများ ပေါများ၏။ အလှူခံရသမျှ ဆွမ်း၊ သင်္ကန်းစသည့် အလှူပစ္စည်းများကို ကျောင်းရှိ ရဟန်း၊ သာမဏေတို့အား လှူဒါန်းလေ့ရှိသည်။







အအေးလွန်ကဲသည့် ဆောင်းရာသီရောက်သောအခါ ခြုံစောင် မလုံလောက်၍ ရဟန်း၊ သာမဏေများ စာမကျက်နိုင်ကြပေ။ ကိုရင်တိဿ သိသွားသောအခါ ရဟန်း၊ သာမဏေများအတွက် အလှူခံပေး၏။



ကိုရင်တိဿ၏ ဘုန်းကံကြောင့် ရဟန်း၊ သာမဏေများ ခြုံစောင်များ ရရှိသွားကြသည်။

# သင်ခန်းစာ (၁၅)

## မွန်အမျိုးသမီးလေး တလထော်



မွန်အမျိုးသမီးလေး တလထော်သည် မြစ်ထဲတွင် ရေချိုးစဉ် ဆင်းတုတော်တစ်ဆူကို တွေ့ရှိခဲ့သည်။ ထိုဆင်းတုတော်ကို ဆယ်ယူပြီး စေတီတစ်ဆူတွင် ထားရှိပူဇော်သည်။

ထိုအကြောင်းကို ဗုဒ္ဓဘာသာဝင် မဟုတ်သော ဘုရင်ကြီးသိသွားသောအခါ စိတ်ဆိုးသွား၏။ ထို့ကြောင့် တလထော်ကို ဖမ်းခိုင်းပြီး သတ်ရန် အမိန့်ပေးခဲ့သည်။





တလထော်က သရဏဂုံကို ရွတ်ဆိုနေသဖြင့် သတ်၍ မရခဲ့ပါ။ တလထော်ကို သတ်၍ မရကြောင်း စစ်သည်တော်များက ဘုရင်ကြီးအား လျှောက်တင်ကြသည်။

ဘုရင်ကြီးက ဗုဒ္ဓဆင်းတုတော်များ ကောင်းကင်ပျံတက်အောင် ပြုလုပ်နိုင်လျှင် မသတ်တော့ဟု တလထော်ကို ပြော၏။ တလထော်က သစ္စာဆိုလိုက်ရာ ဗုဒ္ဓဆင်းတုတော်များ ကောင်းကင် ပျံတက်၍ တည်နေကြသည်။





ဘုရင်ကြီးသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သိရှိသွား၍ ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့၏။ တလထော်ကို အသက်ချမ်းသာပေးခဲ့သည်။ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာသော ဘုရင်ကြီးသည် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းခဲ့လေသည်။

## ရတနာသုံးပါး တို့အားထား

ဘုရား တရား မြတ်သံဃာ၊
ဦးထိပ်ပန်ဆင်ကာ။
ရှိသေစွာ မြတ်နိုးလို့၊
တို့တစ်တွေ ဆည်းကပ်စို့။
ဆည်းကပ်ကြတဲ့ တို့တစ်တွေ၊
ကောင်းကျိုးများလှပေ။
အန္တရာယ်တွေ ကင်းစေသည့်၊
သရဏဂုံ ရွတ်ဆိုကြည့်။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။ ။

# သင်ခန်းစာ (၁၆)
## မင်းမြတ်အနော်ရထာ



အနော်ရထာမင်းသည်
မြန်မာ့သမိုင်းတွင် ထင်ရှားသော
သာသနာပြုမင်းတစ်ပါးဖြစ်သည်။
အနော်ရထာမင်းကြီး မင်းမပြုမီက
ပုဂံပြည်တွင် မှားယွင်းသော
ကိုးကွယ်မှုများ ကြီးစိုးနေခဲ့သည်။



ပုဂံပြည်သို့ ဗုဒ္ဓသာသနာ
သယ်ဆောင်လာသော မွန်ရဟန်းတော်
အရှင်အရဟံ၏ ကျေးဇူးကြောင့်
အနော်ရထာမင်းကြီးနှင့်
တိုင်းသူပြည်သားတို့သည်
ဗုဒ္ဓဘာသာကို ကိုးကွယ်လာကြသည်။



အနော်ရထာမင်းကြီးသည်
မွန်ဒေသမှ ပိဋကတ်သုံးပုံကို
ပုဂံပြည်သို့ ပင့်ဆောင်ခဲ့၏။
စေတီပေါင်းများစွာကိုလည်း
တည်ထားကိုးကွယ်ခဲ့သည်။
ဗုဒ္ဓသာသနာတော်
ထွန်းကားပြန့်ပွားအောင်
ဆောင်ရွက်တော်မူနိုင်ခဲ့သည်။



အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီတော်များအနက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် တည်ရှိသော ရွှေစည်းခုံစေတီတော်သည် အထင်ရှားဆုံးဖြစ်သည်။



အနော်ရထာမင်းကြီးသည် အုတ်ခွက်ဘုရားများကိုလည်း ကိုယ်တိုင်သွန်းလုပ် ပူဇော်ခဲ့လေသည်။

# သင်ခန်းစာ (၁၇)
# ဘုန်းကြီးကျောင်း သွားကြမယ်



## ဘုန်းကြီးကျောင်းကို သွားကြမယ်

ဘုန်းဘုန်းကျောင်းကို
ဘွားဘွားသွားတော့၊
သားသားမီးမီး လိုက်ကြမယ်။
ပြောဆိုနေထိုင် လွန်ယဉ်ကျေးလို့၊
သန့်ရှင်းရေးလည်း လုပ်ပါ့မယ်။
ဘုန်းဘုရားကို ဦးနှိမ်ချလို့၊
လှူစရာများ လှူပါ့မယ်။
အလှူဒါန၊ လှူပြီးက၊
အမျှပေးဝေမယ်။
ကျောင်းကိုသွားက ကုသိုလ်ရ၊
သွားကြ သွားကြမယ်။ ။

## ဘုန်းကြီးကျောင်းသို့ တစ်ခေါက်



မောင်မောင်သည် ဘွားဘွားနှင့်အတူ ဘုန်းကြီးကျောင်းကို လိုက်သွားခဲ့သည်။ ကျောင်းပေါ် ရောက်သောအခါ ဆရာတော်ကို ဘွားဘွားနှင့်အတူ ကန်တော့သည်။



အိုးစည်၊ ဒိုးပတ်သံတညံညံဖြင့် ကျောင်းဝင်းထဲ ရောက်လာသည့် ရှင်လောင်းလှည့်ပွဲကို မောင်မောင်သည် ပြတင်းပေါက်မှ အံ့သြစွာ လှမ်းကြည့်နေမိသည်။



ဘွားဘွားက ရှင်ပြုပွဲနှင့်
သီလရှင်ဝတ်ပွဲအကြောင်း
ရှင်းပြသည်။ မောင်မောင်လည်း
ရှင်ပြုချင်လာ၏။
ကိုရင်ဝတ်ချင်လာ၏။

လိမ္မာသော မောင်မောင်ကို
အားလုံးက ချစ်ခင်ကြသည်။
မုန့်များလည်း ကျွေးကြသည်။
မောင်မောင်သည်
ဘုန်းကြီးကျောင်း သွားရသည်ကို
သဘောကျနေတော့၏။



# ရှင်လောင်းပွဲ

အရှေ့ရွာက မောင်းဗုံသံ၊
ဖေ့ ဖေ့ ထုံဖေ့ ညံ။
နွေဦးယံ အလှူပွဲ၊
နွဲကြရသည်ပဲ။
မောင်ရှင်လောင်းပွဲ လှည့်လာရင်၊
မြင်းက စီးတော်ယာဉ်။
ရွာလုံးကျွတ်ပင် စီစီတန်း၊
ပျော်ကြပါးကြစမ်း။ ။



# သင်ခန်းစာ (၁၈)

## ပတ်ဝန်းကျင်ကို သန့်ရှင်းပါ



သဘော်ာပျက်၍ ပင်လယ်ထဲ မျောနေသော လူတစ်စုသည် ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်လာကြသည်။ ထိုကျွန်းသည် သီးနှံမျိုးစုံရှိ၍ သာယာလှပသည်။ ခေါင်းဆောင်ဖြစ်သူသည် နောက်လိုက်များကို စည်းကမ်းရှိရှိ နေထိုင်ကြရန် ပြောသည်။ စည်းကမ်းမဲ့သူတို့သည် ခေါင်းဆောင်စကားကို နားမထောင်ကြပါ။ အမှိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ကြသည်။ တစ်ဦးနှင့်တစ်ဦးလည်း ရန်ဖြစ်ကြသည်။ ကျွန်းကြီးသည် ညစ်ပတ်နံစော်လာတော့၏။





ခေါင်းဆောင်နှင့် စည်းကမ်းရှိသူများသည် စည်းကမ်းမဲ့သူများနှင့် မနေလိုတော့သဖြင့် အခြားကျွန်းတစ်ခုပေါ်သို့ ပြောင်းရွှေ့သွားကြ၏။ ကျွန်းစောင့်နတ်များသည် ကျွန်းကို ညစ်ပတ်အောင် ပြုလုပ်သူများအား စိတ်ဆိုးကြသည်။ ကျွန်းကို သန့်ရှင်းသွားစေရန် တန်ခိုးဖြင့် ရေလွှမ်းသွားအောင် ပြုလုပ်လိုက်၏။ စည်းကမ်းမဲ့သူတို့သည် ပင်လယ်ထဲသို့ မျောပါသွားကြသည်။





## အမှိုက်ကောက်မယ်

ဒူးကလေးကို ကွေးပြီး လက်ကလေး ဆန့်လိုက်ပါ။
ပုကွကွနဲ့ အမှိုက်ကောက်ရတာ ပျော်စရာပဲကွာ။
ခါးကလေးကိုဆန့်ပြီး အမှိုက်ပုံးရှာစို့ကွာ။
အပြေးကလေးသွားလို့ အမှိုက်ပစ်ကြမယ်။
ဂုဏ်ယူစရာပဲကွာ ...ဟား ...ဟား ...ဟား။ ။

# သင်ခန်းစာ (၁၉)

## တံမြက်စည်းလှည်းတဲ့ မင်းသားလေး



### တံမြက်စည်းလှည်းကြစို့

တောင်ကုန်းပေါ်က စေတီသာ၊
ဖူးကြရအောင်ကွာ။
ထုံးသင်္ကန်းမှာ ဖြူဖြူဖွေး၊
ပန်းတွေ တမွှေးမွှေး။
ရင်ပြင်ဘေးက ဇရပ်တွင်၊
သစ်ရွက်ခြောက်တွေ တင်။
ပတ်ဝန်းကျင် သန့်ရှင်းဖို့၊
တံမြက်စည်းလှည်းကြစို့။ ။

# တံမြက်စည်းလှည်းတဲ့ မင်းသားလေး



ရှေးအခါက မင်းသားလေးတစ်ပါးသည် တက္ကသိုလ်ပြည်ရှိ ဆရာကြီးထံသွား၍ ပညာသင်ခွင့်တောင်းခဲ့သည်။ မင်းသားလေးအသက်ရှင်ရန် ခုနစ်ရက်သာ ကျန်တော့သည်ကို ဆရာကြီးက သိ၍ နောက်ခုနစ်ရက်ကြာမှ ပြန်လာရန် ပြောလိုက်သည်။ အပြန်လမ်းတွင် မိုးချုပ်သွားသဖြင့် ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ဝင်၍ တည်းခိုသည်။ ကျောင်းဝင်းအတွင်းရှိ ညောင်ပင်မှ ညွှတ်ကျနေသော ညောင်ကိုင်းကို ဝါးလုံးဖြင့် ထောက်ပေးခဲ့သည်။ အမှိုက်များကို တံမြက်စည်းလှည်း၍ ရှင်းလင်းပေးခဲ့သည်။





ခုနစ်ရက်ပြည့်သောအခါ မင်းသားလေးသည် တက္ကသိုလ်ပြည်သို့ ပြန်သွား၏။ မင်းသားလေးမသေဘဲ ပြန်လာသည့်အတွက် ဆရာကြီး အလွန်အံ့ဩသွားသည်။ "မည်သည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့သနည်း" ဟု မေးမြန်းသည်။

မင်းသားလေးက "လမ်းခရီးတွင် ဘုန်းကြီးကျောင်း၌ တံမြက်စည်းလှည်း၍ သန့်ရှင်းရေး လုပ်ခဲ့ပါသည်"ဟု ဖြေကြားသည်။ ကျောင်းကန်ဘုရားအတွင်း တံမြက်စည်းလှည်းခဲ့သော ကုသိုလ်ကြောင့် သေဘေးမှ လွတ်ခဲ့သော မင်းသားလေးသည် ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ခဲ့လေသည်။



# သင်ခန်းစာ (၂၀)

# မိဘကျေးဇူး

## သုတနုဆင်းရဲသားလေး



သုတနုဆင်းရဲသားလေးသည် လိမ္မာယဉ်ကျေး၍ ဉာဏ်ပညာထက်မြက်၏။ မိခင်အိုကြီးကို လုပ်ကျွေးနေသည်။ လူတိုင်းကိုလည်း ကူညီတတ်၏။ သူ့ကို အားလုံးက ချစ်ခင်ကြသည်။



ထိုအချိန်က ဘုရင့်အမိန့်ဖြင့် လူတစ်ယောက်နှင့် ထမင်းတစ်ထုပ်ကို ဘီလူးကြီးတစ်ကောင်ထံသို့ နေ့စဉ် ပို့ပေးရ၏။ ဘီလူးကြီးက မိမိနယ်မြေအတွင်း ရောက်လာသော ထမင်းလာပို့သူ အားလုံးကို စားလိုက်သည်။



အချိန်ကြာလာသောအခါ ဘီလူးကြီးထံသို့ ထမင်းထုပ်ပို့ရန် တစ်ယောက်မျှ မကျန်တော့ပေ။ ထို့ကြောင့် ဘီလူးကြီးထံ ထမင်းပို့ရဲသူကို ထိုက်တန်သော ဆုငွေများ ချီးမြှင့်မည်ဟု ကြေညာလိုက်သည်။



ဉာဏ်ပညာထက်မြက်သော သုတနုဆင်းရဲသားလေးက ဘီလူးကြီးထံသွားရန် လက်ခံလိုက်၏။ သုတနုက ဘီလူးကြီးအား အသိတရားရရန် ဟောပြောဆုံးမခဲ့သည်။ ဘီလူးကြီးက သူ့အမှားကို သိသွားပြီး သုတနုအား အသက်ချမ်းသာခွင့်ပေးခဲ့သည်။



အသက်မသေဘဲ ပြန်လာသော သုတနုအား ဘုရင်ကြီးက စစ်သူကြီး ရာထူးချီးမြှင့်ခဲ့သည်။ အိမ်ပြန်လာသော စစ်သူကြီးသုတနုကို မိခင်အိုက ဝမ်းမြောက်ဝမ်းသာ ဆီးကြိုခဲ့လေသည်။

**ဖေဖေ မေမေ**

– ထမင်းဟင်း စားနိုင်ဖို့ စီမံကာရယ် ချက်ပြုတ်ပေးနေတဲ့ တို့မေမေ
အမေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။
– ထမင်းဟင်း စားနိုင်ဖို့ ငွေရှာကာရယ် ကြိုးစားပေးနေတဲ့ တို့ဖေဖေ
အဖေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။
– အဝတ်အစား သန့်စင်ဖို့ ဖြူစင်အောင် လျှော်ဖွပ်ပေးနေတဲ့ တို့မေမေ
အမေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။
– အဝတ်အစားကောင်း ဝယ်ဖို့ ငွေရှာကာရယ် ကြိုးစားပေးနေတဲ့ တို့ဖေဖေ
အဖေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။

# သင်ခန်းစာ (၂၁)
## ပျော်ရွှင်ဖွယ် မိသားစု



### မိသားစု

အမေကြီးက ထမင်းချက်၊
တို့မိသားစုတွက်။
ဖေကြီးဝတ်တက် အမျှဝေသံ၊
သာဓုခေါ်ရပြန်။
စာအံသံ ဆူညံသွား၊
ညီပု စာကြိုးစား။
ဈေးသွားတော့မယ့် မမဟန်၊
နေ့စဉ် အချိန်မှန်။
အပြန်အလှန် ကျေးဇူးပြု၊
ငါတို့ မိသားစု။ ။

# သင်ခန်းစာ (၂၂)
# တပည့်ကျင့်ဝတ်

## ဆရာ့စကား နားထောင်ပါ



ရှေးအခါက ဘုရားအလောင်းရသေ့သည် ရသေ့ငါးရာနှင့်အတူ နေထိုင်ခဲ့သည်။



ရသေ့လေးတစ်ပါးသည် မြွေပေါက်စလေး တစ်ကောင်ကို မွေးမြူထားလေသည်။



ဘုရားအလောင်းရသေ့ သိသောအခါ "မြွေဟောက်ဆိုတာ အန္တရာယ်ရှိတယ်၊ မွေးမြူဖို့ မသင့်ဘူး၊ လွှတ်လိုက်ပါ" ဟု ရသေ့လေးအား ဆုံးမလေသည်။
သို့သော် ရသေ့လေးသည် ဘုရားအလောင်းရသေ့၏ စကားကို နားမထောင်ခဲ့ပေ။



တစ်နေ့တွင် သစ်သီးရှာသွားရာ မြွေဟောက်လေးကို ဝါးလုံးခေါင်းအတွင်း ထည့်ပိတ်ကာ တောထဲသို့ ထွက်ခွာသွားခဲ့သည်။ ရသေ့လေးသည် တောထဲ၌ နှစ်ရက်သုံးရက် ကြာသွားခဲ့သည်။



တောထဲမှ ပြန်ရောက်လာသော ရသေ့လေးသည် ဝါးလုံးအဖုံးကို ဖွင့်လိုက်ရာ အလွန်ဆာလောင်ပြီး ဒေါသထွက်နေသော မြွေဟောက်လေးသည် ရသေ့လေးအား ကိုက်လိုက်လေသည်။ ရသေ့လေးသည် ထိုနေရာ၌ပင် ကွယ်လွန်သွားခဲ့လေသည်။ ထိုအခါ ဘုရားအလောင်းရသေ့က စေတနာဖြင့် ပြောကြားလာသော ဆရာ့စကားကို နားမထောင်သည့်အတွက် အသက်ဆုံးရှုံးရခြင်းဖြစ်ကြောင်း ရသေ့များအား ပြောကြားခဲ့လေသည်။

## တပည့်ကျင့်ဝတ်

ညီညာထကြွ၊ ဆုံးမနာယူ၊
လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊
သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊
မချွတ်ငါးခုသာ။ ။



# သင်ခန်းစာ (၂၃)

## သစ္စာရှိသော တပည့်



ရှေးအခါက ရွှေဟင်္သာမင်းသည် ရေကန်ကြီးတစ်ကန်တွင် ဟင်္သာများစွာ ခြံရံလျက် ပျော်ရွှင်စွာ ရေကစားလေ့ရှိ၏။



တစ်နေ့တွင်
ရွှေဟင်္သာမင်းသည်
မုဆိုးတစ်ယောက်၏ ကျော့ကွင်း၌
မိလေ၏။ ဟင်္သာအားလုံး
လန့်၍ ပျံသွားကြသည်။
ဟင်္သာငယ်တစ်ကောင်သာ သူ့သခင်
ရွှေဟင်္သာမင်းအနီးမှာ ရှိနေခဲ့သည်။



ကျော့ကွင်း၌ မမိသော်လည်း
ပျံမပြေးသော
တပည့်ဟင်္သာကို
မုဆိုးတွေ့သောအခါ
အံ့သြသွား၏။
အကြောင်းစုံကို
မေးမြန်းကြည့်သည်။
ထိုအခါ မုဆိုးသည်
တပည့်ဟင်္သာ၏ သစ္စာရှိမှု၊
ရဲစွမ်းသတ္တိရှိမှုတို့ကို
သိရှိသွားသည်။



မုဆိုးသည် ဟင်္သာနှစ်ကောင်ကို ချစ်ခင်လေးစားသွားသည်။ ရွှေဟင်္သာမင်း၏ ဒဏ်ရာကို သက်သာအောင် ပြုစုပေးပြီး နှစ်ကောင်လုံးကို ပြန်လွှတ်ပေးလိုက်လေသည်။



## ကျေးဇူးရှင် ဆရာ ဆရာမ

ဘုရား တရား မြတ်သံဃာ၊
ဦးထိပ်ပန်ဆင်ကာ။
မိဘဆရာ ဆိုစကား၊
အမြဲတို့လေးစား။
သမီးသားတို့ တာဝန်ပေ၊
ကြိုးစားကြဖို့လေ။
ဆရာ ဆရာမတွေက သွန်သင်ပြ၊
ကျေးဇူးကြီးပေစွ။ ။

# သင်ခန်းစာ (၂၄)
# အသိဉာဏ်ပညာ ကြီးစားရှာ

## မျောက်ကလေး ဖိုးဉာဏ်ကောင်း



မျောက်ကလေးဖိုးဉာဏ်ကောင်းသည် မြစ်တစ်ဘက်ရှိ ကျွန်းတစ်ကျွန်းသို့ နေ့တိုင်းသွား၍ အသီးအနှံများကို စိတ်တိုင်းကျ စားလေ့ရှိသည်။ ကျွန်းပေါ်သို့ သွားရာတွင် မြစ်အလယ်ရှိ ကျောက်ဖျာတစ်ခုပေါ်မှတစ်ဆင့် ခုန်ကူးရသည်။

တစ်နေ့တွင် မိကျောင်းတစ်ကောင်သည် ဖိုးဉာဏ်ကောင်းကို ဖမ်းရန် ကျောက်ဖျာပေါ်တွင် ဝပ်၍ စောင့်နေသည်။ ဖိုးဉာဏ်ကောင်းက သတိထားမိပြီး လှမ်းမေးလိုက်ရာ မိချောင်းမှန်း သိသွားသည်။ ထိုအခါ ဖိုးဉာဏ်ကောင်းက "အို မိကျောင်း သင့်ပါးစပ်ကို ဟထားပါ၊ ငါကိုယ်တိုင် သင့်ပါးစပ်ထဲ ဝင်လာပါ့မယ်" ဟု ပရိယာယ်ဖြင့် ပြောလိုက်၏။





မိကျောင်းကြီး ပါးစပ်ဟလိုက်သောအခါ မျက်လုံးများ မှိတ်သွားကြသည်။ ထိုအခါ ဖိုးဉာဏ်ကောင်းသည် မိကျောင်း၏ခေါင်းကို နင်းကာ ကျွန်းပေါ်သို့ ခုန်ကူးလိုက်လေသည်။

# သင်ခန်းစာ (၂၅)

# ဆွမ်းလောင်းလှူကြမယ်



## ဆွမ်းလောင်းလှူကြမယ်

တုံ တုံ တုံ တုံ၊ တုံ တုံ တောက်၊
ရွာဦးကျောင်းက အုန်းမောင်းခေါက်။
အုန်းမောင်းခေါက်ပြီး အရဏ်လာ၊
ဆွမ်းတန်းကြွလို့လာ။
ကြေးစည်သံသာ ငါတို့ကြား၊
ဆွမ်းလောင်းသွားစို့လား။
ရပ်တော်မူပါ ဘုရား၊
ရပ်တော်မူပါ ဘုရား။ ။

# မောင်ဖိုးစီ



ရှေးအခါက မောင်ဖိုးစီ ဟုခေါ်သည့် ဆင်းရဲသားလေးတစ်ယောက် ရှိသည်။
သူသည် သူဌေးကြီးအိမ်တွင် အလုပ်လုပ်၏။



တစ်နေ့တွင် မောင်ဖိုးစီ
အလုပ်သွားစဉ်
ဆွမ်းခံကြွလာသော
သံဃာတော်လေးပါးကို
တွေ့မြင်လိုက်၏။
သံဃာတော်များအား
လှူဒါန်းမည်ဟု
ဆုံးဖြတ်လိုက်သည်။



ထို့ကြောင့် သူ၏နံနက်စာအဖြစ် ယူလာသော မုန့်လေးခုကို ရှိသေစွာ လှူဒါန်းခဲ့သည်။ ထိုကောင်းမှုကြောင့် နောက်ဘဝတွင် အသိဉာဏ် ပညာကြွယ်ဝသော ဘုရင်ကြီးတစ်ပါး ဖြစ်သွားခဲ့လေသည်။

# သင်ခန်းစာ (၂၆)

## သနားစရာ သမင်လေးများ



ရှေးအခါက ဘုရင်ကြီးတစ်ပါးသည် အလွန်အမဲလိုက် ဝါသနာပါ၏။ သမင်များကို ဖမ်း၍ သူ၏ ဥယျာဉ်ထဲ၌ ထားလေသည်။ သမင်ခေါင်းဆောင်ကိုသာ ဘေးမဲ့ပေးထားပြီး အခြား သမင်များကို တစ်နေ့တစ်ကောင် သတ်စားသည်။ သမင်များက ပြေးလွှားရသည့်ဒုက္ခ မခံ စားရအောင် အလှည့်ကျ လည်စင်းအသေခံဖို့ သဘောတူထားကြသည်။



ကိုယ်ဝန်ရှိသော သမင်မ အလှည့်ကျသောနေ့တွင် သမင်ခေါင်းဆောင်က သမင်မအစား လာ၍ အသတ်ခံသည်။ ဘေးမဲ့ပေးထားသော သမင်ခေါင်းဆောင်ကို တွေ့လျှင် ဘုရင်ကြီးက အကြောင်းစုံကို မေးမြန်းလေသည်။



သမင်ခေါင်းဆောင်က ရှင်းပြသောအခါ ဘုရင်ကြီးက သမင်ခေါင်းဆောင်၏ စိတ်ဓာတ်ကို အလွန်လေးစားသွားသည်။ သို့ဖြစ်၍ သမင်အားလုံးကို ဘေးမဲ့ပေးလိုက်လေတော့သည်။

## အားနည်းသူ ကူညီပါ

သားတို့တွေ သမီးတို့တွေ၊
လိမ္မာပါတယ်လေ။
အားနည်းသူ ဖေးမကူ၊
အနိုင်မယူရဘူးလေ။
ဆိုးသွမ်းတာ ရိုင်းစိုင်းတာ၊
ရှောင်ကြဉ်ပါမယ်လေ။
ကြမ်းတမ်းစွာ မပြုရပါ၊
ယဉ်ကျေးကြမယ်လေ။ ။

# သင်ခန်းစာ (၂၇)

## ရွှေငါးကြီး



ရှေးအခါက
တံငါသည်များသည်
အလွန်လှပသော
ရွှေငါးကြီးတစ်ကောင်ကို
ဖမ်းမိ၍
ဘုရင်ကြီးထံ
ဆက်သကြသည်။



ဘုရင်ကြီးက ရွှေငါးကြီး၏ အတိတ်အကြောင်းကို သိလိုသောကြောင့် ဘုရားရှင်ထံတော်သို့ ရွှေငါးကြီးကို သယ်ဆောင်သွားခဲ့သည်။ ရွှေငါးကြီးပါးစပ်ဟလိုက်သောအခါ တစ်ကျောင်းလုံး ပုပ်စော်နံသွား၏။



ရွှေငါးကြီးသည် ရှေးဘဝက တရားစာပေများကို သင်ကြားပေးခဲ့သော ရဟန်းတစ်ပါး ဖြစ်ခဲ့၏။

သို့သော် ရဟန်းများကို ကြမ်းတမ်းစွာ ပြောဆိုဆက်ဆံခဲ့သည်။





ထိုကံများကြောင့် ယခုဘဝမှာ ရွှေရောင်အဆင်းရှိသော ငါးကြီးဖြစ်နေသော်လည်း ပါးစပ်မှ အပုပ်နံ့များ ထွက်နေခြင်းဖြစ်သည်ဟု ဘုရားရှင်က ဟောတော်မူခဲ့သည်။



## ယဉ်ကျေးကြစို့

စကားပြောဆို နားဝင်ချို၊
သိမ်မွေ့ကြစေလို။
လိမ်ညာတာကို တို့ရှောင်ရှား၊
မမှန်တဲ့ မုသား။
ထောင်လွှားမာန အပြစ်တွေ၊
မဖြစ်ကြအောင်နေ။
ရိုသေထိုက်သူ ရိုသေလို့၊
ယဉ်ကျေးကြပါစို့ ။ ။

# သင်ခန်းစာ (၂၈)
# သီလစောင့်ထိန်းကြစို့

## မောင်လုနှင့်မောင်မြ



မြစ်ကမ်းဘေးရှိ ရွာတစ်ရွာတွင် မောင်လုနှင့် မောင်မြတို့ သူငယ်ချင်းနှစ်ယောက် နေထိုင်ကြ၏။ သူတို့သည် ခြံစိုက်သည့် အလုပ်လုပ်ကြသည်။



သူတို့၏သီးနှံများ ကောင်းစွာ ဖြစ်ထွန်းခဲ့ကြ၏။ ထိုသီးနှံများကို ဈေးသို့ သွားရောက်ရောင်းချရာ ငွေကြေးများစွာ ရရှိကြသဖြင့် ပျော်ရွှင်နေကြသည်။ မောင်မြသည် ငွေများကို တစ်ယောက်တည်း လိုချင်သည်။



သူတို့သည် လှေစီးကာ အိမ်သို့ ပြန်လာကြ၏။ မောင်မြက ငွေထုပ်နှင့်တူသော ကျောက်ခဲထုပ်တစ်ထုပ် ပြုလုပ်ထားကာ ရေထဲသို့ ပစ်ချလိုက်၏။

"ငွေထုပ် ရေထဲကျသွားပြီ"ဟု မောင်လုကို လိမ်ညာပြောလိုက်သည်။

မောင်မြ ပစ်ချလိုက်သော အထုပ်သည် ကျောက်ခဲထုပ်မဟုတ်ဘဲ ငွေထုပ်ဖြစ်နေခဲ့သည်။



တစ်နေ့သောအခါ စိတ်ကောင်းရှိသော မောင်လှသည် ငါးကြီးတစ်ကောင်ကို ဈေးမှ ဝယ်လာ၏။ ထိုငါးကြီး၏ ဗိုက်ကို ခွဲလိုက်ရာ ငါးကြီးဗိုက်ထဲမှ ငွေထုပ် ပြန်ရလေသည်။

## မှန်တာကိုပဲ ပြောကြမယ်

လိမ်တယ် ညာတယ် ဆိုတာရယ်၊
မကောင်းပါဘူးကွယ်။
ဘုရားရှင်လည်း မကြိုက်၊
မိဘဆရာလည်း မကြိုက်၊
ဆွေမျိုးတွေရော သူငယ်ချင်းတွေရော
အားလုံးကကွယ် (မကြိုက်)၂။
မှန်မှန်ကန်ကန် ပြောတာရယ်
အလွန်ကောင်းတာပေါ့ကွယ်၊
ဘုရားရှင်လည်း ကြိုက်၊
မိဘဆရာလည်း ကြိုက်၊
ဆွေမျိုးတွေရော သူငယ်ချင်းတွေရော
အားလုံးကကွယ် (ကြိုက်)၂။ ။

# သင်ခန်းစာ (၂၉ )

## မောင်လူအေးရဲ့ တစ်နေ့တာ



အိပ်ရာ သိမ်းသည်။



မျက်နှာသစ်သည်။ သွားတိုက်သည်။



ဆွမ်းနှင့်ရေချမ်း ကပ်လှူသည်။



ဘုရားရှိခိုးသည်။



ရေချိုးသည်။



ကျောင်းသွားသည်။



ပညာသင်သည်။



ကစားသည်။



မိဘကို ကူညီသည်။



ညနေစာစားသည်။



စာဖတ်သည်။



သွားတိုက်သည်။



ဘုရားရှိခိုးသည်။



မိဘများကို ကန်တော့ပြီး အိပ်ရာဝင်သည်။

# သင်ခန်းစာ (၃၀)

## သူငယ်ချင်းကောင်းများ



ရှေးအခါက ရေအိုင်ကြီး တစ်အိုင်၏အနီးတွင် စွန်၊ လိပ်၊ ဝန်လိုငှက်နှင့် ခြင်္သေ့တို့ မိတ်ဆွေဖွဲ့၍ နေထိုင်ကြသည်။



တစ်ညတွင် စွန်တို့နေသော သစ်ပင်ကြီးအောက်မှာ မုဆိုးတို့ မီးဖိုပြီး အိပ်ဖို့ ပြင်ဆင်ကြသည်။ မုဆိုးတို့သည် သစ်ပင်ပေါ်ရှိ စွန်ပေါက်လေးများ၏ အော်သံကို ကြား၍ ဖမ်းရန် ကြိုးစားကြသည်။



ထိုအခါ စွန်ဖိုနှင့်စွန်မတို့သည် မိတ်ဆွေများကို အကူအညီတောင်းကြ၏။ ဝန်လိုငှက်က သူ့ခန္ဓာကိုယ်ကို ရေဆွတ်ပြီး နှုတ်သီးဖြင့် ရေငုံကာ မီးကို ငြိမ်းပေးသည်။



လိပ်ကြီးကလည်း သူ့ခန္ဓာကိုယ်ကို ရွှံ့ညွန်များ လူးပြီး မီးငြိမ်းအောင် ပြုလုပ်ပေးသည်။ မုဆိုးများက လိပ်ကြီးကို ဖမ်းရန် ကြိုးစားသော်လည်း ဖမ်း၍ မရခဲ့ပေ။



ခြင်္သေ့ကြီးသည် ဟိန်းဟောက်သံပေး၍ ခြိမ်းခြောက်လိုက်၏။



ထိုအခါ မုဆိုးတို့သည် မနေရဲကြတော့ဘဲ ညတွင်းချင်းပင် နေရာပြောင်း သွားကြလေသည်။

# သင်ခန်းစာ (၃၁)

## လိမ္မာသော ကလေးများ



မောင်မြစိုးသည် ဖျားနေသော ပထမတန်းကလေး တစ်ယောက်ကို အိမ်သို့ ပြန်ပို့ပေးသည်။ ကလေး၏ မိဘများ အိမ်တွင် မရှိကြ၍ မေမေ့ဆီ ခေါ်သွားပြီး ဆေးတိုက်ပေးခဲ့သည်။



မွန်မွန်သည် သစ်ပင်အောက်တွင် ပြုတ်ကျနေသော ငှက်ပေါက်စလေးကို တွေ့ရသည်။ ဖေဖေ၏ အကူအညီဖြင့် ငှက်ပေါက်စလေးကို ငှက်သိုက်ထဲ ပြန်ထည့်ပေးခဲ့၏။



မောင်ဖိုးဇော်သည် အလွန်မောပန်းနေသော ခရီးသည် ဦးလေးကြီးတစ်ဦးကို ရေချမ်းစင်မှ ရေခပ်တိုက်ခဲ့သည်။



မောင်သံချောင်းသည် အများသုံး ရေတွင်းဘေးရှိ ရေညှိများကို ပြောင်စင်အောင် တိုက်ချွတ်သည်။ တံမြက်စည်းလှည်းကာ သန့်ရှင်းရေးလုပ်ပေးခဲ့သည်။



မီးမီး၏မေမေသည် မနက်တိုင်း
ဟင်းသီးဟင်းရွက်
ရောင်းရန် ဈေးသို့သွားသည်။
မီးမီးသည်
မေမေနှင့်အတူ လိုက်သွားပြီး
ဈေးကူရောင်းပေးသည်။

# သင်ခန်းစာ (၃၂)
# ညီညီညွတ်ညွတ် နေကြမယ်

## စုပေါင်းအင်အား



ရှေးအခါက တောအုပ်ကြီးတစ်ခုတွင် ငုံးများ စုပေါင်းနေထိုင်ကြသည်။ မုဆိုးတစ်ယောက်သည် ငုံးသံအတု ပြုလုပ်ပြီး နေ့စဉ်ပင် ငုံးများကို ပိုက်ကွန်ဖြင့် ဖမ်းယူနေ၏။ ငုံးမင်းက "မုဆိုးရဲ့ ပိုက်ကွန်ထဲ မိသွားကြရင် ပိုက်ကွန်အကွက်ထဲ ခေါင်းလျှိုပြီး ညီညီညာညာ ပျံတက်ကြ"ဟု ငုံးများကို ပြော၏။





ငုံးများ၏
စည်းလုံးညီညွတ်မှုကြောင့်
မုဆိုးသည်
ငုံးများကို ဖမ်း၍
မရတော့ပေ။



ငုံးနှစ်ကောင်
ရန်ဖြစ်သည်မှစတင်၍
ငုံးတို့ စည်းလုံးညီညွတ်မှု
မရှိကြတော့ပါ။



ထိုအခါ
မုဆိုး၏ ပိုက်ကွန်ကို
ညီညာစွာ
မသယ်ဆောင်နိုင်ကြတော့ပေ။
စည်းလုံးညီညွတ်မှုမရှိသော
ငုံးများကို မုဆိုးက
လွယ်ကူစွာ
ဖမ်းယူနိုင်ခဲ့လေသည်။

## စည်းလုံးခြင်း

ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်၊
ငုံးလေးများအသွင်။
အကူအညီလိုရင် ညီညာမနေး၊
ဝိုင်းဝန်းကူညီပေး။
ဖေးဖေးမမ ညီအစ်ကို၊
မောင်နှမတွေလို။
ကြိုးဆိုကာ လက်ချင်းဆက်၊
စည်းလုံးခြင်းအတွက်။ ။



# သင်ခန်းစာ (၃၃)
# အလှူဒါန ပြုကြမယ်

## မိန်းမချောလေး မာလာ



ဆင်းရဲသူလေး မာလာသည် အဝတ်အစားလှလှ လိုချင်ကြောင်း မိခင်ကို ပူဆာသည်။ သို့သော် မိခင်မှာ ဆင်းရဲသဖြင့် ဝယ်မပေးနိုင်ခဲ့ချေ။



မာလာက အဖိုးတန်ဝတ်စုံ လိုချင်သဖြင့် သူဌေးကြီးထံ အလုပ်တောင်းသည်။ သုံးနှစ်အလုပ်လုပ်လျှင် အဖိုးတန်အဝတ်အစားများ ပေးမည်ဟု သူဌေးကြီးက ကတိပေးသည်။



အလုပ်ကြိုးစားသော မာလာကို သူဌေးကြီးက သုံးနှစ်မပြည့်မီ အဝတ်အစားများ ပေးလိုက်သည်။ မာလာသည် အဝတ်အစားများကို ယူပြီး သူငယ်ချင်းများနှင့်အတူ မြစ်ဆိပ်သို့ ရေချိုးဆင်းခဲ့သည်။



ရေချိုးနေစဉ်မှာပင် မာလာသည် သင်္ကန်းအလုခံရသော ရဟန်းတစ်ပါး ဖြတ်သွားသည်ကို မြင်လိုက်ရသည်။ သုံးနှစ်နီးပါး အလုပ်လုပ်၍ရသော အဝတ်အစားသစ်ကို ရဟန်းတော်အား လှူလိုက်၏။ "ဘဝတိုင်း အလွန်ချောမောလှပသူ ဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့သည်။





ထိုကုသိုလ်ကြောင့် မာလာသည် နတ်သားဘဝ၊ နတ်သမီးဘဝ အကြိမ်များစွာ ဖြစ်ရသည်။ လူဖြစ်သောအခါ၌လည်း အလွန်ချောမောလှပသော သူဌေးသမီးလေး ဖြစ်ခဲ့လေသည်။

### အလှူဒါန ပြုကြမယ်

ပေးကမ်း စွန့်ကြဲ လှူဒါန်းတာ၊
မြတ်သောဒါနပါ။
စေတနာ ကောင်းစွာထား၊
ကုသိုလ်အလွန်များ။
သူတစ်ပါးလည်း စိတ်ချမ်းသာ၊
ကိုယ်လည်း စိတ်ချမ်းသာ။
အကျိုးမှာ ဘယ်မနေး၊
ကေန်မုချပေး။ ။

# သင်ခန်းစာ (၃၄)
# လိမ္မာသူကို အတုယူ



ယုန်ကလေးဖြူဖွေးသည်
စိတ်ကောင်းရှိပြီး
အားလုံးကို ကူညီတတ်သည်။



ဘိုးဘိုး၊ ဘွားဘွားများကိုလည်း
လိုအပ်သည်များကို လုပ်ကိုင်ပေး၏။
ခြေတစ်ဖက် မသန်သော်လည်း
အမြဲပျော်ပျော်ရွှင်ရွှင် နေလေ့ရှိသည်။



ရွှေဝါသည် ယုန်ငယ်လေးများကို
အမြဲနောက်ပြောင်သည်။
ငိုအောင်လည်း စတတ်သည်။
ထို့ကြောင့် သူနှင့်အတူ
ကစားမည့်သူငယ်ချင်း မရှိပေ။



ဖြူဖွေးကို မနာလိုဖြစ်နေသော ရွှေဝါက
ထော့နင်းထော့နင်း လမ်းလျှောက်ပြပြီး
ပြောင်လှောင်သည်။
ဖြူဖွေးက ဘာမျှ ပြန်မပြောပါ။



ကြာဖြူက
"ဖြူဖွေးကို မပြောပါနဲ့၊
သူရဲ့ ကောင်းတဲ့အကျင့်ကို
အတုယူပါ"ဟု ရွှေဝါကို
ဝင်ပြောသည်။

ရွှေဝါက ဂရုမစိုက်ဘဲ
တောအုပ်ထဲ ပြေးဝင်သွား၏။
စမ်းချောင်းလေးကို
ခုန်ကူးလိုက်သောအခါ
အရှိန်လွန်ပြီး
ချော်လဲသွားသည်။
ခြေထောက်နာသွားသဖြင့်
ထော့နင်းထော့နင်း
လမ်းလျှောက်ရသည်။





ရွှေဝါသည် ဖြူဖွေးကို
ကိုယ်ချင်းစာတတ်သွား၏။
ဖြူဖွေးလို
စိတ်ကောင်းထားတော့မည်ဟု
ဆုံးဖြတ်လိုက်သည်။
လိမ္မာသောရွှေဝါကို
သူငယ်ချင်းများက
အတူကစားရန်
ခေါ်သွားကြလေသည်။

# လူယဉ်ကျေး

လိမ္မာသူကို အတုယူ၊
ကိုယ်လည်း လိမ္မာသူ။
အမူအရာ အကျင့်ကောင်း၊
တို့လူငယ်အပေါင်း။
မရှဲ့မစောင်း လမ်းကြောင်းမှန်၊
တို့များ လျှောက်နိုင်ရန်။
ဟန်ပန်မူရာ ယဉ်ကျေးဖို့၊
ကြိုးစားကြပါစို့။ ။



# သင်ခန်းစာ (၃၅)

## မြင်းဖြူရှင်





ကုန်သည်၏ ဆိုင်ရှေ့က လမ်း၌ ဗွက်ထနေသည်။ စိတ်ထားကောင်းသော ကုန်သည်က လူအများ အဆင်ပြေစွာ သွားလာနိုင်ကြစေရန် လမ်းကို ကိုယ်တိုင်ပြင်လိုက်သည်။ လမ်းသွားလမ်းလာများ စိတ်ချမ်းသာစွာ သွားလာကြရ၏။





တစ်နေ့တွင် ကုန်သည်သည် သူငယ်ချင်းတစ်ယောက်နှင့် မြစ်ဆိပ်သို့ ရေချိုးရန် လာခဲ့၏။ နောက်ပြောင်လိုသော ကုန်သည်သည် ရေချိုးနေသည့် သူငယ်ချင်း၏ အဝတ်ကို ဝှက်ထားလိုက်သည်။ သူငယ်ချင်း အလွန်ချမ်းနေမှ အဝတ်ကို ပြန်ပေးလိုက်၏။ ကုန်သည် ကွယ်လွန်သောအခါ လမ်းခင်းကုသိုလ်ကြောင့် နတ်သားဖြစ်ခဲ့သည်။ လျင်မြန်သော နတ်မြင်းဖြူကိုလည်း ရ၏။ သို့သော် သူငယ်ချင်း၏ အဝတ်ကို ဝှက်ခဲ့သောကြောင့် အဝတ်မရှိသော နတ်သားဖြစ်ခဲ့ရလေသည်။

# သင်ခန်းစာ (၃၆)

## စားသောက်ရာမှာ ယဉ်ကျေးပါ

### ထွေးထွေးအပျော်ဆုံးနေ့



ထွေးထွေးသည် ထမင်းကို
သန့်သန့်ရှင်းရှင်း မစားတတ်ပေ။



ထမင်းဟင်းများ ပေနေသည့်လက်ဖြင့်
ဇွန်းကို ကိုင်သည်။



ထမင်း ပလုတ်ပလောင်း စားရင်းလည်း
စကားပြောသည်။



ထမင်းဟင်းများ ပေနေသည့် လက်ကို
လျှာဖြင့် လျက်တတ်သည်။



မေမေက သန့်သန့်ရှင်းရှင်း
ထမင်းစားဖို့ ဆုံးမတိုင်း
သူ့ကို မချစ်၍ ပြောသည်ဟု
ထွေးထွေးက ထင်သည်။



သန့်သန့်ရှင်းရှင်း ထမင်းစားလျှင်
တိရစ္ဆာန်ဥယျာဉ်သို့ လိုက်ပို့ပေးမည်ဟု
ဖေဖေက ပြောသည်။



ထွေးထွေးသည် ထမင်းစားလျှင်
တဖြည်းဖြည်းနှင့် သန့်သန့်ရှင်းရှင်း
စားတတ်လာသည်။



သန့်ရှင်းသပ်ရပ်စွာ
ထမင်းစားတတ်လာသော ထွေးထွေးကို
ကြည့်ပြီး မိသားစုအားလုံး
ပျော်နေကြသည်။



ထို့ကြောင့် ဖေဖေက
သူ၏ကတိအတိုင်း
ထွေးထွေးကို တိရစ္ဆာန်ဥယျာဉ်သို့
ပို့ပေးခဲ့လေသည်။

# သင်ခန်းစာ (၃၇)

## ယဉ်ယဉ်ကျေးကျေး ပြောကြမယ်

နန္ဒိဝိသာလ



နန္ဒိဝိသာလသည် လှည်းအစီးတစ်ရာကို ဆွဲနိုင်သော ခွန်အားကြီးသည့် နွားတစ်ကောင် ဖြစ်၏။ သခင်လယ်သမားကို ကျေးဇူးဆပ်လိုသဖြင့် သူဌေးကြီးနှင့် အလောင်းအစားပြုလုပ်ရန် ပြောသည်။



ချိန်းဆိုသောနေ့တွင် လယ်သမားကြီးက နန္ဒိဝိသာလအား ကြမ်းတမ်းစွာ အော်ဟစ်ပြီး လှည်းများကို ဆွဲခိုင်းသည်။ နန္ဒိဝိသာလက လှည်းကို မဆွဲတော့ဘဲ ရပ်နေ၏။



သို့ဖြစ်၍ လယ်သမားကြီး၏ လောင်းကြေးငွေများ ရှုံးသွားသည်။



နောက်တစ်ကြိမ်၌ လယ်သမားကြီးသည် နန္ဒိဝိသာလအား ချိုချိုသာသာ ပြောပြီး မောင်းနှင်ခဲ့သည်။ နန္ဒိဝိသာလက လှည်းအစီးတစ်ရာကို ချက်ချင်းဆွဲပြလိုက်၏။ ထိုအခါ လယ်သမားကြီး အနိုင်ရ၍ လောင်းကြေးငွေနှစ်ဆ ပြန်လည်ရရှိခဲ့သည်။ ထိုအချိန်မှ စ၍ လယ်သမားကြီးသည် လူတိုင်းကို ချိုချိုသာသာ ပြောဆိုဆက်ဆံလေတော့သည်။





## အလှဆုံး

စကားပြောဆို ချိုချိုသာ
သမီး အလိမ္မာ။
(စကားပြောဆို ချိုချိုသာ
သားသား အလိမ္မာ။)
ယဉ်ကျေးသူမှာ မျက်နှာပြုံး
သမီးအလှဆုံး။
(ယဉ်ကျေးသူမှာ မျက်နှာပြုံး
သားသား အလှဆုံး)။ ။

# သင်ခန်းစာ (၃၈)

## ကန္တာရကုန်သည်များ




ကန္တာရခရီးကို သွားကြသော ကုန်သည်များသည် ကန္တာရကို လွန်မြောက်ခါနီးတွင် ပါလာသမျှ ရေများကို အကုန်သုံးလိုက်ကြသည်။ ညအချိန် ကုန်သည်များ အိပ်ပျော်နေကြစဉ် နွားများက လှည်းများကို နောက်ပြန်ဆွဲသွားကြသောကြောင့် ကန္တာရအတွင်းသို့ ပြန်ရောက်သွားကြ၏။ ကုန်သည်များသည် ရေပြတ်လပ်၍ ရေတွင်းတူးကြသည်။ ကျောက်ဖျာကြီး ခံနေသဖြင့် ဆက်၍ မတူးတော့ဘဲ လက်လျှော့လိုက်ကြ၏။




သို့သော် ခေါင်းဆောင်ကုန်သည်နှင့် တပည့်တို့က ဖွဲကောင်းစွာဖြင့် ကျောက်ဖျာကြီးကို ရိုက်ခွဲကြသည်။ ကျောက်ဖျာကြီး ကွဲကာ ရေတွေ ပန်းထွက်လာ၏။ ဖွဲမလျှော့သော ခေါင်းဆောင် ကုန်သည်၏ လုံ့လဝီရိယကြောင့် ရေရရှိကာ ကုန်သည်အားလုံး ပျော်ရွှင်ခဲ့ကြလေသည်။

# သင်ခန်းစာ (၃၉)
# တန်ဆောင်တိုင်ပွဲတော်



တန်ဆောင်တိုင်ပွဲတော်တွင်
လူအများစုပေါင်း၍
စတုဒိသာ
ကျွေးမွေးလှူဒါန်းကြသည်။



ဘုရားကျောင်းကန်နှင့်
လူနေအိမ်များတွင်
ဆီမီးရောင်စုံများ
ထွန်းညှိပူဇော်ကြသည်။



မီးပုံးပျံများကိုလည်း ပျော်ရွှင်စွာ
လွှတ်တင်ကြသည်။



တစ်နိုင်ငံလုံး မြို့ရွာအနှံ့ ကထိန်အလှူပွဲများကို စည်စည်ကားကား ကျင်းပကြသည်။

## တန်ဆောင်မုန်းလ

ဆီမီး ရောင်စုံ တမြိုင်မြိုင်၊
လမြတ်တန်ဆောင်တိုင်။
မြိုင်မြိုင်ဆိုင်ဆိုင် တို့ဆင်နွဲ၊
ကထိန်ခင်းတဲ့ပွဲ။
သောသောညံလို့ ရွာထဲတွင်၊
နိဗ္ဗာန်ဈေးတွက် ပြင်။
ဆေးဖက်ဝင် မဲဇလီဖူး၊
ဝိုင်းဖွဲ့စားလို့ ပျော်ရွှင်မြူး၊
အားလုံးစိတ်ကြည်နူး။ ။

# သင်ခန်းစာ (၄၀)

## သင်္ကြန်ပွဲတော်



သင်္ကြန်အခါတွင် အတာအိုးများ ထိုးကြသည်။

မုန့်လုံးရေပေါ် လုပ်စားကြသည်။

ပျော်ရွှင်စွာ ရေကစားကြသည်။







သက်ကြီးရွယ်အို

ဘိုးဘွားများကို

ပူဇော်ကန်တော့ကြသည်။



ဘုန်းကြီးကျောင်းသို့ သွား၍ သီလယူခြင်း၊ ဥပုသ်စောင့်ခြင်း၊ တရားအားထုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ သတ္တဝါများကို ဘေးမဲ့လွှတ်ခြင်း စသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။



နှစ်ဆန်းတစ်ရက်နေ့တွင် ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြသည်။

အမှတ်စဉ် ၂၉၃၈၀
ရက်စွဲ ၂၂.၇.၁၁



## အိမ်ပြန်မယ်

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ဘုရားဝတ်ပြုကြစို့ကွယ် ... ။

ဘုန်းဘုန်း(ဆရာလေး)ကိုလည်း ကန်တော့မယ် ... ။

ဆရာမကိုလည်း ကန်တော့မယ် ... နှုတ်ဆက်ကြစို့ကွယ် ...။

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ပစ္စည်းတွေလည်း သိမ်းစို့ကွယ် ... ။

ဟိုဟိုဒီဒီလည်း မသွားဘူးကွယ် ... ရန်လည်းမဖြစ်ဘူးကွယ် ... ။

အိမ်ကို အရောက်ပြန်မယ် ... ။

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... သူငယ်ချင်းတွေလည်း နှုတ်ဆက်မယ် ... ။

ကျောင်းလည်း မပျက်ဘူးကွယ် ... နောက်တစ်ပတ်တွေ့ကြမယ် ... ။

တာ့တာ တာ့တာကွယ် ... အို ... တာ့တာ တာ့တာကွယ် ...။ ။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း

သင်ရိုးညွှန်းတမ်းဖြစ်မြောက်ရေးအဖွဲ့